# မြန်မာနိုင်ငံအတွက် ၂၀၁၃ခုနှစ် နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် အစီအရင်ခံစာ

အခြေခံဥပဒေ ကဘာသာရေးလွတ်လပ်ခွင့် ပေးထားသော်လည်း အခြေခံဥပဒေထဲရှိ အချို့ပုဒ်မများ ကန့်သတ်မှုများ ရှိနေသေးသည်။ နိုင်ငံသားတိုင်းသည် လွတ်လပ်သော ယုံကြည်ကိုးကွယ်ခွင့်ရှိသည်ဟု ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ပြဌာန်းထားပြီး ပြည်သူ့အခွင့်အရေး၊ စိတ်ဓာတ်ရေးရာ သို့မဟုတ် ကျန်းမာရေးနှင့် အခြားပြဌာန်းချက်များကို ဖော်ပြထားသည်။ ဘာသာရေးလွတ်လပ်ခွင့်နှင့် ပတ်သက်၍ လိုအပ်ချက်များ ထင်ရှားစွာ ဆက်လက်ဖြစ်ပေါ်နေသည့် ကိစ္စရပ်များသည် ဖော်ပြခြင်း မပြုထားသည့်အစိုးရ၏ မူဝါဒနှင့်ပတ်သက်သော အစီအရင်ခံစာများတွင် ပါဝင်သည်။ ယင်းမူဝါဒများကို အစိုးရအရာရှိကြီးများနှင့် စစ်တပ်အရာရှိကြီးများကထိန်းသိမ်းလိုက်နာခြင်းသို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းလုပ်ဆောင်ရန် လိုအပ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ခရစ်ယာန်ဘာသာဝင်များ အကြမ်းဖက်ခံရခြင်း၊ ပဋိပက္ခများ ဖြစ်ပွားနေသော ကချင်ပြည်နယ်တွင် ဘာသာရေး အဆောက်အဦးများ ဖျက်ဆီးခံရခြင်း၊ မွတ်ဆလင်များပိုင်သည့် မြေများကို တားဆီးပိတ်ပင်ခြင်းများကို လုပ်ဆောင်လျက်ရှိကြသည်။ ဒေသခံအစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များသည် မွတ်ဆလင် ဆန့်ကျင်ရေးခွဲခြားဆက်ဆံမှုတွင် ပါဝင်ခဲ့ကြသည်ဟုသိရှိရပြီးရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ ရပ်တန့်စေရန် မဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။ ဒေသခံတာဝန်ရှိ ပုဂ္ဂိုလ်များသည် မန္တလေးတိုင်း မိတ္ထီလာမြို့တွင် မွတ်ဆလင်အကြမ်းဖက်မှုများဆန့်ကျင်ရေးကိုတုံ့ပြန်ဆောင်ရွက်ရန် နှောင့်နှေးခဲ့ကြသည်။ လူထုအင်အားနှင့် ဂိုဏ်းကဏ္ဍချိုးဖောက်မှုများကိုအရေးယူရန် အဆင့်လိုက် ဆောင်ရွက်နေသော်လည်း အဆိုပါကိစ္စရပ်များသည် ဘာသာအလိုက် ပြည်သူအစုအဖွဲ့နှစ်ခုအတွင်းတွင် ပိုမိုဆိုးဝါးလာလျက် ရှိသည်။ အစိုးရ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် များစွာသောလူ့အခွင့်အရေးကိစ္စရပ်များနှင့် ဘာသာရေးကိစ္စရပ်များတွင် တိုးတက်လာခဲ့ပြီးအထူးသဖြင့် ရန်ကုန်ကဲ့သို့ကြီးမားသော မြို့ပြများတွင် ဖြစ်ပေါ်တိုးတက်လျက်ရှိသည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေး စာချုပ်များက ပဋိပက္ခများကို ထိန်းချုပ်ထားပြီး ချင်းပြည်နယ်ကဲ့သို့စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များ နှစ်ဖွဲ့စလုံး၏ ဆောင်ရွက်ချက်များကို လျှော့ချထားသော လူနည်းစုပြည်နယ်များတွင်လည်းတိုးတက်မှုရှိခဲ့သည်။ ဇူလိုင်လတွင် ရခိုင်ပြည်နယ်တွင် ချထားသော နစက နယ်စပ်လုံခြုံရေးတပ်ဖွဲ့ကို ရုပ်သိမ်းခဲ့သည်။ ယင်းသည် ရိုဟင်ဂျာ မွတ်စလင် အသိုင်းအဝိုင်းကို ရည်ရွယ်လုပ်ဆောင်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍တုံ့ပြန်မှု တစ်ခုဖြစ်ခဲ့သည်။

ရောထွေးယှက်တင်ဖြစ်ပေါ်နေသောတိုင်းရင်းသားများ၊ လူမှုစီးပွားရေးအခြေအနေ၊ဘာသာရေးယှက်နွယ်မှု၊ ယုံကြည်မှု၊ အလေ့အကျင့်များကို မူတည်ပြီးလူမှုရေးအလွဲသုံးမှုနှင့် ခွဲခြားဆက်ဆံမှုများ ဖြစ်ပေါ်ခဲ့သည်။ မိတ္ထီလာမြို့တွင် ရွှေဆိုင်တစ်ဆိုင်၌ မတ်လ၂၀ရက်နေ့ကဖြစ်ပွားခဲ့သော အခြေအတင်ဖြစ်မှုမှ ဗုဒ္ဓဘာသာဘုန်းကြီးကမွတ်ဆလင်များနှင့် ယင်းတို့၏ ပိုင်ဆိုင်မှုများကိုတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရသည်။ မွတ်ဆလင်အုပ်စုတစ်ခုကသတ်လိုက်သည်ဟုဆိုသော ဖြစ်ရပ်သည် အကြမ်းဖက်မှုကို အရှိန်မြင့်စေပြီးလူပေါင်း ၄၄ ဦးမှ ၈၇ ဦးအထိသေဆုံးခဲ့ကာ စုစုပေါင်းလူတစ်သောင်းကျော် အိုးမဲ့၊ အိမ်မဲ့စေခဲ့သော ဖြစ်ရပ်သည်

အဓိကအားဖြင့် မူစလင်အသိုင်းအဝိုင်းတွင် ဖြစ်စေခဲ့သည်။ မူစလင် ဆန့်ကျင်ရေးအကြမ်းဖက်မှုဖြစ်ရပ်များသည် တစ်နိုင်ငံလုံးပျံ့နှံ့သွားကာနေရာအနှံ့ဖြစ်ခဲ့ပြီးယုံကြည်ရာဘာသာအလိုက်အနည်းငယ်စီဖြစ်ပွားခဲ့ပြီးလူအုပ်ဖြင့် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည်။

ယင်းဖြစ်ရပ်များသည် ထောင်ချီသောပြည်သူများ သေကြေခဲ့ပြီးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကာ နေအိမ်များ၊ ဗလီများ၊ ဖျက်ဆီးခံကြရသည့်မှာပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများ၊ ရှမ်း၊ ကယားနှင့် ကချင်ပြည်နယ် အပြင် စစ်ကိုင်းတိုင်း တွင်လည်း ဖြစ်ပေါ်ခဲ့သည်။ ရှမ်းပြည်နယ်လားရှိုးမြို့တွင် ဖြစ်ပွားခဲ့သည်မှာ ဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦးကို မူစလင်အမျိုးသားတစ်ဦးက မီးရှို့သည်ဟူသော ကောလာဟလမှ စတင်ခဲ့သည်။ ဒေသတွင်း အငြင်းပွားမှုတစ်ခုမှာ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတွင် ဗုဒ္ဓဘာသာအစုတစ်ခုက မွတ်ဆလင်တိုင်းရင်းသားဟု သတ်မှတ်ထားသည့် ကမန်လူမျိုးတို့၏ ရွာများကိုတိုက်ခိုက်ပြီး ရခိုင်ပြည်နယ်သံတွဲမြို့တွင် ယင်းတို့၏အိမ်များကို မီးတင်ရှို့ခဲ့ခြင်းဖြစ်သည်။ ဤဖြစ်ရပ်တွင် ၇ဦးမှ ၁၀ဦးအထိ သေဆုံးခဲ့ပြီး အိမ်ပေါင်း၁၀၀ကျော် ဖျက်ဆီးခံရသည်။ အချို့ထင်ရှားသော ဗုဒ္ဓဘာသာဘုန်းကြီးများက (၉၆၉) အဖွဲ့ဟု ဗုဒ္ဓဘာသာ အစွန်းရောက်ပုဂ္ဂိုလ်များဖြင့် ဖွဲ့ထားပြီး မူစလင်ဆန့်ကျင်ရေး လုပ်ငန်းများ လုပ်ဆောင်ကြရန် တိုက်တွန်းချက်အား DVD နှင့် အင်တာနက်မှ တဆင့် ဖြန့်ဝေထားကာ မူစလင်များကို သိက္ခာကျစေရန် ဆောင်ရွက်ကြသည်။ ထို့အပြင် မူစလင်များပိုင်ဆိုင်သော စီးပွားရေးများကို သပိတ်မှောက်ရန် တိုက်တွန်းခဲ့ကြသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာနှင့် မူစလင်တို့ အပြင်အလှန် ဆန့်ကျင်မှုများ ဖြစ်ပွားနေခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင် ပါဝင်သူများက မူစလင်များကို အကြမ်းဖက်သမားများဖြစ်စေရန် ဝါဒဖြန့်ခဲ့ကြသည်။ ယင်းတို့သည် ဗုဒ္ဓဘာသာအများစုနှင့် မွတ်ဆလင်၊ ခရစ်ယာန် လူနည်းစုများအကြား လူမျိုးစုအလိုက်ဖြစ်ပေါ်ခဲ့သော တင်းမာမှုများဖြစ်သည်။

အမေရိကန်အစိုးရက အစိုးရအရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူပြည်သားများ၊ ပညာရှင်များ၊ သံတမန်များ၊ စီးပွားရေးသမားများနှင့် မီဒီယာများအပါအဝင် ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲများပြုလုပ်ရာတွင် ဘာသာရေးလွတ်လပ်ခွင့် အကြောင်းကိုထောက်ခံပြောဆိုခဲ့သည်။ သမ္မတ အိုဘာမားနှင့် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့သည် ဘာသာရေးချိုးဖောက်မှုများကို တိုက်ဖျက်ရန်နှင့် ဘာသာရေးလွတ်လပ်ခွင့် ရရှိစေရန် ဆောင်ရွက်ချက်များ ခိုင်ခိုင်မာမာရှိစေရန် မြန်မာနိုင်ငံသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ကို တိုက်တွန်းပြောကြားခဲ့ကြသည်။ အမေရိကန် တာဝန်ရှိသူများက ရခိုင်ပြည်နယ်သို့ ခရီးထွက်ခဲ့ကြပြီး အခြားတိုင်းရင်းသားများ၏ နယ်စပ်ဒေသများဆီသို့လည်း သွားရောက်ခဲ့ကြသည်။ ထို့အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များကိုလည်း ထောက်ခံမှုပေးခဲ့သည်။ ထို့အပြင် ဘာသာရေးလွတ်လပ်ခွင့်နှင့် မတူကွဲပြားခွင့်များရရှိစေရန် ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၉ခုနှစ် ကတည်းက နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့် အလွဲသုံးမှု သို့မဟုတ် ပြင်းထန်သော ချိုးဖောက်မှုများကို တွေ့ကြုံခံစားနေရသည့်အတွက် နိုင်ငံတကာဘာသာရေး လွတ်လပ်မှုဥပဒေနှင့်အညီ "ဘာသာရေးနှင့် ပတ်သက်၍ စိုးရိမ်ရသောနိုင်ငံ" တစ်နိုင်ငံအဖြစ် သတ်မှတ်ခဲ့သည်။ အမေရိကန်

နိုင်ငံခြားရေးဝန်ကြီးသည် ၂၀၁၁ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံအား အဆိုပါစိုးရိမ်ရသော နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုက မြန်မာအစိုးရ၏ နိုင်ငံရေးနှင့်စီးပွားရေး ပြု ပြင်ပြောင်းလဲမှုများကြောင့် များစွာသော ကန့်သတ်မှုများကို လျှော့ချဖယ်ရှား ပေးခဲ့သော်လည်း ဘာသာရေးချိုးဖောက်မှုအတွက် သီးသန့်ကန့်သတ်ထားချက်များကိုမူ ထိန်းသိမ်းထားဆဲဖြစ်သည်။

**ကဏ္ဍ(၁)၊ ဘာသာရေးတိုးတက်ဆုတ်ယုတ်မှုကိုလေ့လာခြင်း**

အမေရိကန် အစိုးရက (ခန့်မှန်းခြေ ၂၀၁၃ခုနှစ် ဇူလိုင်လ)တွင် မြန်မာနိုင်ငံ လူဦးရေ ၅၅.၂သန်းရှိသည်ဟု ခန့်မှန်းခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာသည် အကြီးမားဆုံး ဘာသာဖြစ်သည်။ အဓိကဘာသာကြီးများမှာ ခရစ်ယာန် (အဓိကအားဖြင့် နှစ်ခြင်း၊ ရိုမန်ကက်သလစ်၊ အင်ဂလီကန်၊ ပရိုတက်စတင့်တို့) ဖြစ်သည်။ ထို့အပြင် မွတ်စလင် (အများစုမှာဆွန်နီ)၊ ဟိန္ဒူနှင့် ရိုးရာတရုတ်နတ်များနှင့် ဒေသအလိုက်ကိုးကွယ်မှုများဖြစ်သည်။ သတင်းရင်းမြစ်များအဆိုအရ ၉၀ရာခိုင်နှုန်းများဗုဒ္ဓဘာသာ၊ ၄ရာခိုင်နှုန်းမှာခရစ်ယာန်မှာမွတ်ဆလင်။

\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\

**ရန်ကုန်တိုင်း၊သဃ်န်းကျွန်းမြို့နယ်ရှိဘာသာရေးနေရာများ**

ခြုံငုံသုံးသပ်ချက်။ ။ ၁၉၂၄ခုနှစ်မှ၁၉၆၆ ခုနှစ်တိုင်အောင် အရှေ့တောင်အာရှတွင် အကျယ်ဆုံးဖြစ်ခဲ့ပြီး ၁၉၇၄ခုနှစ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ရှာပနအရေးအခင်း ဖြစ်ပွားခဲ့သော ကျိုက္ကဆံမြင်းပြိုင်ကွင်းဟောင်းနှင့် သဃ်န်းကျွန်းမြို့နယ်သည် နီးကပ်စွာတည်ရှိသည်။ မြို့ပတ်ရထားသည် နင်းဆီးကုန်းနှင့် ဈေးရှိသောသဃ်န်းကျွန်းဘူတာများတွင် ရပ်နားသည်။ သဃ်န်းကျွန်းတွင် နေထိုင်သောဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် မွတ်ဆလင်များသည် မြင်းစီး၊ မြင်းထိန်း၊ နည်းပြနှင့် စိုက်ပျိုးရေးသမားများအဖြစ် စပါးခင်းများ၊ နို့ချက်စက်ရုံများ၊ ကျွဲနွားမြင်းမွေးမြူရေး စခန်းများတွင် အလုပ်လုပ်ကိုင်ကြသည်။ ဥရောပကပြားများသည် အင်္ဂလိပ်စကားပြောကြပြီး မြင်းပြိုင်ကွင်းဝန်ထမ်းများအဖြစ် မြင်းစီးအသင်းများ သို့မဟုတ် ရန်ကုန်မြင်းစီးအသင်းတွင် ပထမဦးစွာ အလုပ်လုပ်ကြသည်။ မြို့နယ်၏နေရာများစွာတွင် စစ်တပ်အရာရှိများ၏ နေအိမ်များ၊ ရင်းနှီးမြုပ်နှံထားသောနေရာများ၊ ဈေးကြီး၊ စီးပွားရေးလုပ်ငန်း ဌာနငယ်တို့သည် ၁၉၇၀နှင့်၁၉၈၀ခုနှစ်များတွင် များစွာတည်ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့များမှ ပြည်သူများစွာလည်း နေထိုင်ကြသည်။ မြင်းပြိုင်ကွင်းနီးစပ်သော နာမည်ကြီးလုပ်ငန်းရှင်တစ်ဦးသည် ယင်း၏ကိုယ်ပိုင်ပိုင်ဆိုင်မှုများပေါ်တွင် မီခိုသူများများပြားလာခြင်းကြောင့် ပျောက်ကွယ်ခဲ့ရဖူးသည်။ အိုက်စ်ဟုခေါ်သော မူးယစ်ဆေးဝါးသည် ၁၉၉၀ပြည့်နှစ်များတွင် ခေါင်းထောင်လာခဲ့သော်လည်း ယခုအခါပြန်လည်ငုတ်လျှိုးသွားခဲ့ပြီဖြစ်သည်။ မကြာသေးမီနှစ်များကပင်

သုဝဏ္ဏအားကစားကွင်း၊ အားကစားလေ့ကျင့်ရေးစခန်းနှင့် ဟိုတယ်များ၊ ဈေးဆိုင်တန်းများနှင့် စက်ရုံများကို တည်ထောင်ခဲ့ပြီးပြီ ဖြစ်သည်။ နိုင်ငံတကာသင်ကြားရေးနှင့် စီးပွားရေးဌာန (အိုင်အယ်လ်ဘီစီ)နှင့် ရန်ကုန်နိုင်ငံတကာ ကျောင်းများကိုလည်း တည်ထောင်ခဲ့ကြသည်။ ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်နေသော်လည်း ယင်းမြို့နယ်သည် ရန်ကုန်မြို့၏ အဆင်းရဲဆုံး နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်နေပေသေးသည်။

အချိန်ရလျှင် ငါးနေရာ ခြောက်နေရာခန့် လည်ပတ်ချင်ပါသေးသည်။ ဘတ်စ်ကားက ကျွန်ုပ်တို့ကိုချထားခဲ့ပြီး ညနေငါးနာရီ ပတ်ဝန်းကျင်တွင် ပြန်လည်ခေါ်ဆောင်မည်ဖြစ်သည်။ ပေါ့ပေါ့ပါးပါး ဝတ်ဆင်ပြီး ဝေါ့ကင်းရှူးကိုဝတ်ကာ အဆင်အပြေဆုံး အဝတ်အစားများ ဖြစ်သော စကတ်ရှည်၊လုံခြည်၊ မာဖလာ၊ အင်္ကျီပွ၊ရှပ်အင်္ကျီတို့ကိုဝတ်ဆင်ပါ။ ဘာသာရေးနေရာများတွင် ဖိနပ်၊ ခြေအိတ်ချွတ်ရပါသည်။

၁။ စိန့်ဂျိုးဇက်ကတ်သလစ်ဘုရားကျောင်း။ ၁၉၆၀တွင် တည်ထောင်သည်။ ဖာသာ ဆိုင်မွန်တင်မောင်ဝင်း နှင့် ဖာသာမက်သယူးတို့ စီမံအုပ်ချုပ်သည်။ ပရိတ်သတ် ၆၀၀မှ ၈၀၀ အထိရှိကြပြီး အများစုမှာ အင်္ဂလိပ်ကပြားများဖြစ်ကြသည်။ ထို့အပြင် တမီလ်၊ ချင်းနှင့် ကရင်များလည်းရှိကြသည်။ သီလရှင်၁၅ပါးရှိပြီး ကတ်သလစ်ကျောင်းတော်၊ မိဘမဲ့ဂေဟာနှင့် ဘိုးဘွားရိပ်သာတို့အတွက် ဝေယျာဝစ္စဆောင်ရွက်ပေးကြသည်။

၂။ မွတ်ဆလင်ဗလီ။ လွတ်လပ်ရေးလမ်းတွင်တည်ရှိပြီး ဦးခင်မောင်သန်းက အုပ်ချုပ် စောင့်ရှောက်ထားသည်။ ရှေးဟောင်းပရိဘောဂများ ရောင်းဝယ်သူဖြစ်ပြီး ယင်း၏ဘဝတစ်လျှောက်လုံး အဆိုပါ ဝန်းအတွင်းတွင် နေထိုင်ခဲ့သည်။ သူ၏ဆိုင်သို့ တစ်ခေါက်လောက် ကြွခဲ့စေချင်သည်။

၃။ ဟိန္ဒူဘုရားကျောင်း။ မကြာသေးမီက ပရိဘောဂ ထုတ်လုပ်ရောင်းဝယ်ရေး ဆိုင်ဖွင့်ထားသော ကိုသိန်းဇော်က စောင့်ရှောက်ထားပြီး လွတ်လပ်ရေးလမ်းတွင် တည်ရှိသည်။

၄။ သဃ်္ဃန်းကျွန်းဈေး။ ရန်ကုန်မြို့၏ ဈေးကြီးများတွင်တစ်ခုအပါအဝင်ဖြစ်သည်။ အမဲသားကဲ့သို့ မွတ်စလင်များအတွက် စားသုံးရန် အဆင်ပြေသော လည်လှီးသားများ ရရှိနိုင်သည်။ ဟိန္ဒူများ ရောင်းဝယ်သည့်အပိုင်းတွင် ဝက်သားရနိုင်ပြီး တရုတ်ဈေးသည်များထံတွင် လတ်ဆတ်သော ကြက်သား၊ ငါး၊ ပင်လယ်စာများရရှိနိုင်သည်။ ထင်ရှားသောဈေးသည်များမှာ ဗုဒ္ဓဘာသာများဖြစ်ကြပြီး ကုန်မျိုးစုံရောင်းဝယ်ကာ သူတို့ကိုယ်တိုင်လည်း ဝတ်ဆင်ပြထားသည်။ အံ့သြဘွယ်ရာကောင်းသော ကုန်ပစ္စည်းအထားအသိုတစ်ရပ် အနေဖြင့် ရေခဲအနည်းငယ်ရိုက်ထားပြီး ရောင်းချစားသုံးရာတွင် လတ်ဆတ်နေစေရန်ပြုလုပ်ကြသည်။

၅၊ ဘုရားသုံးဆူဘုန်းကြီးကျောင်းနှင့်စေတီ။ ဘုန်းတော်ကြီးသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ရှေးဟောင်းတန်ခိုးကြီး ဘုရားသုံးဆူရှိသည်။ ကိုရင်ကလေးများက နေ့စဉ်ရေသပ္ပာယ်ပေးပြီး ဆီမီးလှူဒါန်းကာ ကျမ်းစာများ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

၆။ သီလရှင်ကျောင်းနှင့် မိဘမဲ့ဂေဟာ။ ဘုရားသုံးဆူအနီးတွင်တည်ရှိသည်။ သီလရှင်အပါး ၄၀ခန့်ရှိပြီး ဘုရားသုံးဆူကို အစဉ်ဝတ်ပြုကြသည်။ မိဘမဲ့ဂေဟာတွင် အသက်တစ်နှစ်မှ ၁၂နှစ်အရွယ်ရှိ

ကလေးငယ် ၉၀ဦးကိုလည်း စောင့်ရှောက်ထား ကြသည်။ သင့်အနေဖြင့် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်များ အဆိုပါကျောင်းသို့ လှူဒါန်းနိုင်သည်။

**အမုန်းစကားစည်းမျဉ်းများကိုလေ့လာခြင်း၊**

| ရိုးရာဓလေ့ထုံးစံ | အလယ်အလတ်ခါ |
|---|---|
| ချိုးဖောက်ခံရသည့် ကိစ္စရပ်များကို ဖော်ပြချင်သော ပြည်သူတို့၏ စိတ်ခံစားချက်ကို ဖုံးကွယ်ရန် ဥပဒေဖြင့် ကြိုးစားထားသည်။ | အမုန်တကယ်အကြမ်းဖက်ခံရမှု၊ (သို့မဟုတ် ခွဲခြားဆက်ဆံခံရမှု၊ ရိုင်းပြစော်ကားရန်လိုမှု) တို့ကို ထုတ်ဖော်ပြောဆိုရန် ဆန္ဒရှိသည့် ပြည်သူတို့ကိုဥပဒေဖြင့် ကာကွယ်ပေးထားသည်။ |
| ခေတ်ရေစီးကြောင်းယဉ်ကျေးမှုနှင့် တန်ဖိုးတို့ကို ထိန်းသိမ်းခြင်းအား အများစုအတွက် ဥပဒေဖြင့် ဘေးဖယ်ထားသည်။ | အင်အားနည်းပါးသည့် အတွက် နေရာပေးထားသော အနည်းစုကိုဥပဒေအရ ကာကွယ်ပေးထားသည်။ |
| နိုပ်ကွပ်ခံဘာသာများ၏ ရှေးရိုးအမှုအကျင့်၊ ဝေဖန်မှုကို အပြစ်ပေးခြင်းနှင့် အနည်းစု၏ ကျင့်သုံးမှုများကိုဥပဒေဖြင့် ကာကွယ်ပေးထားသည်။ | တိုက်ခိုက်မှုဟူ၍ မှတ်ယူခဲ့လျှင် ဝေဖန်မှုများမှ အတွေးအခေါ်၊ ဘာသာရေးသို့မဟုတ် ယုံကြည်မှုများအား ဥပဒေဖြင့် ဖုံးကွယ် ထားခြင်းမပြုပါ။ |
| အစွန်းရောက် ပြောဆိုမှုများ လုပ်ဆောင်မှုများသည် ပိုနေမြဲကျားနေမြဲ အခြေအနေကို ထိန်းသိမ်းရန်နှင့် အစီအစဉ် ကျနစေရန် ကြိုးပမ်းသည်။ | အစွန်းရောက်ပြောဆိုမှုများ၏ လုပ်ဆောင်မှုများသည် လွတ်လပ် ခြင်းနှင့် ညီမျှခြင်းတို့အကြား မျှခြေတစ်ရပ်အတွက် ကြိုးပမ်းသည်။ |
| နိုင်ငံတော် ဥပဒေမှတစ်ဆင့် လူမှုရေး အဆင်ပြေ ညီညွတ်မှုကို ထိန်းကွပ်သည်။ | လူမှုအဆင်ပြေညီညွတ်မှုကိုမီဒီယာ၊လူမှုအဖွဲ့စသည်းများနှင့် အခြားထက်မြက်သည့် ပုဂ္ဂိုလ်များက တရားမဝင် နည်းလမ်းများ နှင့်ပင် တိုးတက်စေရန် ဆောင်ရွက်သည်။ |